ဒုတိယအကြိမ် ထုတ်ဝေခြင်းအတွက် မြန်မာပြန်သူ၏အမှာ

(၁)

'ဆိုင်ဂုံ'ဟု အမည်ပေးထားသော ဤဝတ္ထုကြီးသည် 'ဗီယက်နမ်နိုင်ငံ'ကို နောက်ခံပြု၍ ရေးဖွဲ့ထားသော ဝတ္ထုကြီး ဖြစ်သည်။ တစ်နည်းအားဖြင့် ပြောရပါမူ ဤဝတ္ထုကြီးသည် ဗီယက်နမ်ပြည်သူတို့၏ နိုင်ငံရေးဘဝ၊ စီးပွားရေးဘဝ၊ ဘာသာရေးဘဝ၊ လူမှုရေးဘဝနှင့် စစ်ရေးဘဝများကို နောက်ခံကျောရိုးအဖြစ်ထားကာ မျိုးမတူသော မိသားစုလေးစု၏ မျိုးဆက်သုံးဆက် ရင်ဆိုင်ဖြတ်သန်းခဲ့ကြရသော ပျော်စရာရွှင်စရာများ၊ ကြည်နူးစရာ ဝမ်းသာစရာများ၊ စိတ်နှလုံး သာယာချမ်းမြေ့စရာများ၊ ဝမ်းနည်းစရာ ကြေကွဲစရာများ၊ စိတ်နှလုံး ထိခိုက်ကြေကွဲစရာများ၊ ထိတ်လန့်ချောက်ချားစရာများ၊ ရင်မောဖွယ်ရာများနှင့် လွမ်းမောတသစရာများကို တသသ ဖြစ်နေအောင် ကလောင်စွမ်းထက်ထက်ဖြင့် ရေးဖွဲ့ထားသော ဝတ္ထုကြီးဖြစ်လေသည်။

ဤဝတ္ထုကြီးသည် ဇာတ်လမ်း ဇာတ်အိမ် အလွန်ကြီးမားသော ဝတ္ထုကြီးဖြစ်၏။ ပြင်သစ်၊ အင်္ဂလိပ်၊ အမေရိကန်၊ ဂျပန်နှင့် ဗီယက်နမ် စသော လူမျိုးပေါင်းစုံမှ ဇာတ်ကောင် အများအပြား ပါဝင်သော ဝတ္ထုကြီးဖြစ်သည်။ ယင်းတို့အားလုံးတွင် ဗီယက်နမ်ပြည်သူများသည် 'အဓိကဇာတ်ဆောင်' ဖြစ်သည်။ ထို့ကြောင့်လည်း ဤဝတ္ထုကြီးတွင် ရိုးသားအေးဆေးသော၊ အသိပညာဗဟုသုတ ကင်းမဲ့သော၊ ကိုလိုနီနယ်ချဲ့ ပြင်သစ်တို့၏ အဖိအနှိပ် အချုပ်အချယ်ကို အလူးအလိမ့်ခံနေကြရသော၊ မိမိတို့လူမျိုးခေါင်းဆောင်ဆိုသူ လူတစ်စု၏ လက်ဝဲ-လက်ယာ အစွန်းရောက်မှုများဒဏ်ကို ခံနေကြရရှာသော ဗီယက်နမ်ပြည်သူတို့၏ဘဝကို အပီအပြင် မြင်တွေ့ကြရလိမ့်မည်ဖြစ်၏။ သို့ဖြစ်ရာ ကျွန်တော်တို့ စာဖတ်ပရိသတ်သည် ဗီယက်နမ်နိုင်ငံ၏ အခြေအနေအရပ်ရပ်ကို ယေဘုယျသဘော သိထားသင့်သည်ဟု ထင်ပါသည်။

(၂)

'ဗီယက်နမ်နိုင်ငံ'သည် အာရှနိုင်ငံ တစ်နိုင်ငံဖြစ်၍ 'အရှေ့တောင်အာရှဒေသ' အင်ဒိုချိုင်းနားကျွန်းဆွယ်၏ အရှေ့ပိုင်း၌ တည်ရှိ၍ ဆန်စပါး အများဆုံးထွက်သော နိုင်ငံဖြစ်သည်။

မြောက်ဖက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အရှေ့ဖက်နှင့် တောင်ဖက်တွင် တောင်တရုတ်ပင်လယ်၊ အနောက်ဖက်တွင် လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ရှိသည်။ နိုင်ငံအကျယ်အဝန်းမှာ ဧရိယာစတုရန်းမိုင်ပေါင်း ၁၂၇၆၀၈ မိုင်မျှရှိ၍ လူဦးရေ သန်းသုံးဆယ်ကျော်ရှိသည်။ နိုင်ငံတွင်း၌ နေထိုင်လျက်ရှိကြသော လူမျိုးများမှာ ဗီယက်နမ်၊ တရုတ်-

နိုင်ငံ၏အနေအထားမှာ တောတောင်များ ဝန်းရံလျက်ရှိသော မြစ်ဝှမ်းဒေသနှင့် မဲခေါင်မြစ်ဝကျွန်းပေါ်ကို အခြေပြုထားသော လွင်ပြင်ဒေသကြီးများ ပါဝင်ဖွဲ့စည်းလျက်ရှိ၏။ ကမ်းရိုးတန်းနှင့် လွင်ပြင်ဒေသများမှအပ ကျန်နေရာများကိုမူ အာနမ်တောင်တန်းများနှင့် သစ်တောထူထပ်သော ကုန်းမြေများက လွှမ်းခြုံထားသည်။ တောင်နှင့်မြောက် ရှည်လျားကျဉ်းမြောင်းသော နိုင်ငံဖြစ်လေသည်။

ခရစ်တော်ပေါ်စ အချိန်ကာလက ဗီယက်နမ်နိုင်ငံကို 'နမ်ဗီယက်'ဟု ခေါ်ခဲ့သည်။ ထိုစဉ်က ဗီယက်နမ်နိုင်ငံသည် တုန်ကင်ပြည်၊ အာနမ်ပြည်နှင့် ကိုချင်ချိုင်းနားပြည်တို့ကို ပေါင်းစည်း၍ တည်ထောင်ထားသော နိုင်ငံဖြစ်သည်။ ထိုအချိန်က တရုတ်နိုင်ငံ ဟန်မင်းဆက် တစ်ဦးဖြစ်သော ဝူတိုင်းဘုရင်သည် တုန်ကင်နှင့် အာနမ်တို့ကို တိုက်ခိုက်သိမ်းယူခဲ့ရာမှ ဗီယက်နမ်နိုင်ငံသည် တရုတ်တို့၏ လက်အောက်ခံ ကျွန်အဖြစ် နှစ်ပေါင်းတစ်ထောင်ကျော်သည် အထိ နေခဲ့ရ၏။ သို့သော်လည်း နမ်ဗီယက်တို့သည် တရုတ်တို့၏ အုပ်စိုးမှုကို မကြာခဏ တော်လှန်တိုက်ခိုက်ခဲ့ကြလေသည်။

တရုတ်တို့၏ အုပ်စိုးမှုကို တော်လှန်တိုက်ခိုက်ရာ၌ ပထမဆုံးသော တော်လှန်မှုတစ်ခုမှာ ခရစ်နှစ် ၃၉ ခုနှစ်က ပေါ်ပေါက်ခဲ့သော တော်လှန်မှုဖြစ်၏။ ထိုတော်လှန်မှုကို ဦးဆောင်ခဲ့သူများမှာ ဗီယက်နမ် ပဒေသရာဇ်အုပ်ချုပ်သူများ၏ ဇနီးများဖြစ်ကြသော 'ထရွန်ညီအစ်မ' ဖြစ်၍ ဗီယက်နမ်နိုင်ငံသမိုင်းတွင် အထင်ရှားဆုံးသော တော်လှန်တိုက်ခိုက်မှုတစ်ခု ဖြစ်ခဲ့သည်။ မည်သို့ပင်ဖြစ်စေ နမ်ဗီယက်တို့၏ သူ့ကျွန်မခံလိုသော စိတ်ဓာတ်ကြောင့် နောက်ဆုံးတွင် တရုတ်တို့၏ အုပ်စိုးမှုအောက်မှ လွတ်မြောက်ခဲ့ကြရလေ၏။

(၃)

၁၆ ရာစု အစပိုင်းတွင် ပေါ်တူဂီ သာသနာပြုများနှင့် ကုန်သည်များသည် ဗီယက်နမ်နိုင်ငံသို့ ရောက်လာကြသည်။ ကုန်သွယ်မှုကို အဓိကထားသော ဆက်ဆံရေးများ တည်ရှိလာခဲ့သည်မှာ မှန်သော်လည်း သူတို့အား 'အနောက်နိုင်ငံ နယ်ချဲ့စနစ်၏ ရှေ့ပြေးများ'ဟု သတ်မှတ်ပါကလည်း မမှားနိုင်ပေ။ ထို့နောက် ဗီယက်နမ်နိုင်ငံတွင်းသို့ ဗြိတိသျှနှင့် ပြင်သစ်တို့ ဝင်ရောက်လာခဲ့ကြပြန်သည်။ ဤသည်မှစ၍ ပြင်သစ်တို့သည် ဗီယက်နမ်နိုင်ငံအပေါ် စိတ်ဝင်စားလာခဲ့ကြလေသည်။

ဤသည်မှစ၍ ပြင်သစ်တို့သည် ဗီယက်နမ်နိုင်ငံအပေါ်၌ တဖြည်းဖြည်းချင်း ဩဇာလွှမ်းမိုးအောင် အားထုတ်ခဲ့ကြသည်။ ၁၈၈၃ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံသည် ပြင်သစ်တို့၏ လက်အောက်သို့ လုံးဝကျရောက်သွားခဲ့သည်။ ဤသို့ဖြင့် ဗီယက်နမ်နိုင်ငံသည် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီ အချိန်ကာလအထိ ပြင်သစ်တို့၏ ကိုလိုနီနိုင်ငံအဖြစ်ဖြင့် ရပ်တည်နေခဲ့ရလေသည်။

မည်သို့ပင်ဖြစ်စေ ဗီယက်နမ်လူမျိုးတို့သည် သူတို့နိုင်ငံ ပြင်သစ်တို့လက်အောက် ရောက်သည့်အချိန်မှစ၍ 'အမျိုးသားလွတ်မြောက်ရေး'အတွက် လက်နက်ကိုင်၍ လည်းကောင်း၊ လက်နက်မပါသည့် လူထုနည်းဖြင့်လည်းကောင်း အသက်ကို စတေး၍ တိုက်ပွဲဝင်ခဲ့ကြသည်။ သို့သော်လည်း အကြိမ်ကြိမ် အရေးနိမ့်ခဲ့ကြရ၏။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာသည့်အခါ ဂျပန်တို့သည် ၁၉၄၀ ပြည့်နှစ်တွင် ဗီယက်နမ်နိုင်ငံကို ပြင်သစ်တို့လက်မှ တိုက်ခိုက်သိမ်းပိုက်လိုက်သည်။ ဗီယက်နမ်နိုင်ငံအား အခြေစိုက်စခန်းအဖြစ် ထားရှိကာ မာလာယုကျွန်းဆွယ် (မလေးရှားနိုင်ငံ)ကို တိုက်ခိုက်သိမ်းပိုက်ရန်ဖြစ်၏။ ထိုစဉ်က ဂျပန်တို့သည် ဗီယက်နမ်နိုင်ငံအား အုပ်ချုပ်နေသည့် ပြင်သစ်အာဏာပိုင်များအား ဖမ်းဆီးကာ အကျယ်ချုပ်ထားခဲ့ကြသည်။ ၁၉၄၅ ခုနှစ်၊ မတ်လတွင် ဂျပန်တို့က ဗီယက်နမ်ကို 'ကိုယ်ပိုင်အုပ်ချုပ်ရေး' ပေးလိုက်ပြီဟု ကြေညာခဲ့၏။ အာနမ်နိုင်ငံ၏ 'ဧကရာဇ်ဗာအိုဒါအီ'ကို ဗီယက်နမ်နိုင်ငံ၏ 'ရုပ်သေးဘုရင်'အဖြစ် တင်မြှောက်ထားခဲ့သည်။ တကယ်တော့ ဗီယက်နမ်တို့ကို ပေးခဲ့သော ကိုယ်ပိုင်အုပ်ချုပ်ရေးမှာ အတုအယောင်မျှသာ ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီးပြီး၍ ဂျပန်တို့ လက်နက်ချရသောအခါ သူတို့ပေးထားသည့် ဗီယက်နမ် ရုပ်သေးအုပ်ချုပ်ရေး ပျက်ပြားသွားခဲ့သည်။ ပြင်သစ်တို့ကလည်း စစ်ကြီးအတွင်းက ဟစ်တလာ၏ နာဇီတို့ လက်အောက်၌ နေခဲ့ရသဖြင့် အဖက်ဖက်တွင် ချွတ်ခြုံကျလျက်ရှိလေရာ ဗီယက်နမ်နိုင်ငံကို ပြန်လည်ထိန်းသိမ်း အုပ်ချုပ်နိုင်သည့် အခြေအနေ မရှိသေး။

ဤသို့ဖြင့် ဗီယက်နမ်နိုင်ငံ၏ ပြည်တွင်းရေးရာများသည် ကမ္ဘာ့အရေးအခင်းများနှင့် ဆက်စပ်ပတ်သက်ကာ ရှုပ်ထွေးလာသည်။ နိုင်ငံတွင်း၌ မျိုးချစ်စိတ်နှင့် တော်လှန်ရေးစိတ်ဓာတ်ကလည်း ပြင်းထန်တက်ကြွနေချိန်ဖြစ်၍ မငြိမ်မသက်ဖြစ်လျက်ရှိ၏။ ဤကာလအတွင်းမှာပင် 'ဗီယက်နမ် ကွန်မြူနစ်ပါတီ'မှ 'ဟိုချီမင်း' ခေါင်းဆောင်သော တပ်များက ၁၉၄၅ ခုနှစ် ဩဂုတ်လထဲတွင် အာဏာသိမ်းခဲ့ကြသည်။ 'ဟနွိုင်မြို့'ကို မြို့တော်အဖြစ်ထားကာ 'ဗီယက်နမ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ'အဖြစ် တည်ထောင်ခဲ့ကြလေသည်။

သို့သော်လည်း ၁၉၄၅ ခုနှစ်၊ စက်တင်ဘာလတွင် ဗြိတိသျှတပ်များ အကူအညီဖြင့် ပြင်သစ်တို့က အာဏာပြန်သိမ်းသည်။ ဤတွင် ဟိုချီမင်း၏ ဗီယက်မင်းတပ်များနှင့် ပြင်သစ်တပ်များသည် အပြင်းအထန် တိုက်ခိုက်ခဲ့ကြသည်။ ထိုစဉ်က ဗီယက်မင်းတပ်များသည် အာဏာကိုမသိမ်းမီ (၁၀) လခန့်ကတည်းက ဂျပန်တို့ထံမှ အကောင်းဆုံး လက်နက်များကို ရရှိခဲ့ကြရုံမျှမက ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုများအဖြစ်ဖြင့် အမေရိကန်တို့ထံမှ လက်နက် အကူအညီများကိုပါ ရရှိထားသဖြင့် အင်အားတောင့်တင်းလျက် ရှိလေသည်။

ပြင်သစ်နှင့် ဟိုချီမင်းခေါင်းဆောင်သော ဗီယက်မင်းတပ်များသည် စစ်ပွဲအတွင်းမှာပင် ဆွေးနွေးပွဲများ ပြုလုပ်၍ သဘောတူစာချုပ်များ ချုပ်ဆိုခဲ့ကြသော်လည်း နှစ်ဦးနှစ်ဖက်ကြားတွင် မယုံသင်္ကာမှုများသာ ပို၍ကြီးထွားလာသည်ဖြစ်ရာ အခြေအနေများသည် တိုး၍တိုး၍သာ ရှုပ်ထွေးလာခဲ့သည်။ ဤသည်မှစ၍ ဗီယက်နမ်နိုင်ငံတွင် (၈) နှစ်မျှ ကြာခဲ့သော 'ပြည်တွင်းစစ်ကြီး'သည် ပေါက်ဖွားလာခဲ့ရလေသည်။

ဤစစ်ကို အကြောင်းပြု၍ ၁၉၅၄ ခုနှစ်၊ ဇူလိုင်လထဲတွင် ဂျီနီဗာ၌ ညီလာခံတစ်ရပ် ကျင်းပခဲ့သည်။ ထိုညီလာခံမှ ဇူလိုင်လ (၂၀) ရက်နှင့် (၂၁) ရက်နေ့များတွင် ရရှိခဲ့ကြသည့် သဘောတူညီချက်အရ အင်ဒိုချိုင်းနားစစ်ပွဲ (ဗီယက်နမ်စစ်ပွဲ) ရပ်စဲရေးကို လက်မှတ်ရေးထိုး ကြသည်။ လတ္တီတွဒ်မျဉ်းပြိုင် (၁၇)၏ မြောက်ဘက် ဗင်ဟိုင်းမြစ်ကို နယ်နိမိတ်ခြားကာ ဗီယက်နမ်နိုင်ငံကို နှစ်ပိုင်းခွဲပစ်လိုက်လေသည်။ ဤသို့ဖြင့် ဗင်ဟိုင်းမြစ်၏ မြောက်ဘက်ပိုင်း သည် 'ဗီယက်နမ် ဒီမိုကရက်တစ် သမ္မတနိုင်ငံ' (မြောက်ဗီယက်နမ်) ဖြစ်လာသည်။ တောင်ဘက်ပိုင်းသည် 'ဗီယက်နမ်သမ္မတနိုင်ငံ' (တောင်ဗီယက်နမ်) ဖြစ်လာခဲ့လေ၏။

မြောက်ဗီယက်နမ်တွင် တုန်ကင်နှင့် အာနမ်မြောက်ပိုင်းတို့ ပါဝင်၍ မြောက်ဘက်တွင် တရုတ်နိုင်ငံ၊ အနောက်ဘက်တွင် လာအိုနိုင်ငံ၊ တောင်ဘက်တွင် တောင်ဗီယက်နမ်နိုင်ငံဟုခေါ်သော 'ဗီယက်နမ်သမ္မတနိုင်ငံ'၊ အရှေ့ဘက်တွင် တောင်တရုတ်ပင်လယ်တို့ တည်ရှိသည်။ နိုင်ငံ၏ မြို့တော်မှာ 'ဟနွိုင်'မြို့ဖြစ်၍ သမ္မတမှာ ဟိုချီမင်းဖြစ်သည်။

တောင်ဗီယက်နမ်နိုင်ငံတွင် ကိုချင်းချိုင်းနားနှင့် အာနမ်တောင်ပိုင်းတို့ ပါဝင်သည်။ မြောက်ဖက်တွင် ဗီယက်နမ် ဒီမိုကရက်တစ် သမ္မတနိုင်ငံ (မြောက်ဗီယက်နမ်) အနောက်ဘက်တွင် လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် ထိုင်းပင်လယ်ကွေ့တို့ တည်ရှိပြီး အရှေ့ဘက်တွင် တောင်တရုတ်ပင်လယ် တည်ရှိသည်။ မြို့တော်မှာ 'ဆိုင်ဂုံ'ဖြစ်၍ ပြည်သူများက ရွေးကောက် တင်မြှောက်သည့် 'ငိုဒင်ဇင်း'က သမ္မတ ဖြစ်လာသည်။

ဗီယက်နမ်နိုင်ငံ၏ လူများစုမှာ ဗုဒ္ဓဘာသာဝင် တောင်သူလယ်သမားများဖြစ်သည်။ စပါးအများဆုံးစိုက်သော နိုင်ငံဖြစ်၍ အဓိကထွက်ကုန်သည် 'ဆန်စပါး'ဖြစ်သည်။ ဗီယက်နမ်လူမျိုးများမှာ ဘာသာတရားကိုင်းရှိုင်းပြီး ရိုးသားအေးဆေးသော လူမျိုးများဖြစ်သည်။

တကယ်တော့ ဗီယက်နမ်နိုင်ငံသည် အရှေ့တောင်အာရှတွင် နိုင်ငံငယ်တစ်ခုမျှသာ ဖြစ်၏။ သို့တစေလည်း ထိုနိုင်ငံရှိ ပြည်သူတို့၏ဘဝသည် ဘဝကြမ်းကြီးဖြစ်သည်။ သေအန္တရာယ်ပေါင်းများစွာနှင့် ရင်ဆိုင်၍ အသက်ပေါင်းများစွာ စွန့်လွှတ်၍ ရုန်းကန်လှုပ်ရှားခဲ့ရသော ဘဝဖြစ်လေသည်။

သမိုင်းကြောင်းကို ပြန်ကောက်လိုက်သည့်အခါ ပထမဆုံး ဗီယက်နမ်ပြည်သူတို့သည် သူတို့အား ကျွန်ပြုထားသည့် တရုတ်တို့လက်အောက်မှ လွတ်မြောက်ရန် နည်းအမျိုးမျိုးဖြင့် တော်လှန်တိုက်ခိုက်ခဲ့ကြရ၏။ ထို့နောက် ပြင်သစ်တို့၏ လက်အောက်ခံ ကိုလိုနီနိုင်ငံဘဝမှ လွတ်မြောက်ရေးအတွက် အသက်ပေါင်းများစွာ စွန့်လွှတ်ခဲ့ရပြန်သည်။ ထို့နောက် နှစ်ပိုင်း နှစ်နိုင်ငံဖြစ်သွားရသည့် သူတို့နိုင်ငံ ပြန်လည်ပေါင်းစည်းနိုင်ရေးအတွက် အသက်ပေါင်းများစွာကို စတေးခဲ့ကြရပြန်သည်။ ဗီယက်နမ်ပြည်သူများက ကံကောင်းသည်ဟု ဆိုရမည်ထင်၏။ ပြင်သစ် လက်အောက်ခံဘဝမှ လွတ်မြောက်ရေးအတွက် အမှန်တကယ် နိုင်ငံကိုချစ်၍ အလွန်ဖြောင့်မတ်မှန်ကန်သည့် ခေါင်းဆောင်ကောင်းတစ်ယောက် ပေါ်ပေါက်လာခဲ့သည်။ ထိုသူကား-

(၄)

ဗီယက်နမ်နိုင်ငံအကြောင်းပြောလျှင် 'ဟိုချီမင်း'၏အကြောင်း မပါ၍ မဖြစ်။ ဟိုချီမင်းသည် ဗီယက်နမ်ပြည်သူတို့၏ ကျေးဇူးရှင်ဖြစ်၏။ နိုင်ငံတစ်နိုင်ငံ ဖြစ်ထွန်းတည်ရှိလာရေးဟူသော ကြိုးပမ်းမှုတွင် ဦးစီးဦးဆောင်ပြုသည့် ခေါင်းဆောင်သည် ရှိစမြဲဖြစ်သည်။ ဟိုချီမင်းသည် ဗီယက်နမ်နိုင်ငံဟု ဖြစ်ပေါ်လာအောင် စွမ်းဆောင်ခဲ့သော 'ခေါင်းဆောင်'ဖြစ်၏။ လွတ်လပ်ရေးနှင့် ထိုက်တန်သော လူမျိုးသည် ကိုယ့်နိုင်ငံအား ပေါ်ထွန်းစေခဲ့သည့် ခေါင်းဆောင်အား မမေ့အပ်။ ဟိုချီမင်းသည် ဂျပန်ဖက်ဆစ်စနစ် ကျဆုံးပြီးနောက် 'ဗီယက်နမ် ဒီမိုကရက်တစ် သမ္မတနိုင်ငံ'ကို ဖွဲ့စည်းပေးခဲ့သူဖြစ်သည်။ ထို့ကြောင့်လည်း သူသည် 'ဗီယက်နမ် ဒီမိုကရက်တစ် သမ္မတနိုင်ငံ'၏ သမ္မတကြီး ဖြစ်လာခြင်းပေတည်း။

'ငုယင်အိုက်ကော'ခေါ် ဟိုချီမင်းကို ၁၈၉၀ ပြည့်နှစ်၊ မေလ ၁၉ ရက်နေ့တွင် ဗီယက်နမ် အလယ်ပိုင်းဒေသရှိ 'ငယ်အန်းနယ်'တွင် မွေးဖွားခဲ့သည်။ သူ့ဖခင်သည် ပညာတတ် အရာရှိတစ်ဦး ဖြစ်သော်လည်း အုပ်ချုပ်နေသူ ပြင်သစ်တို့အား ဆန့်ကျင်ခဲ့သဖြင့် ရာထူးမှ ထုတ်ပယ်ခြင်းကို ခံခဲ့ရ၏။

ဟိုချီမင်း၏ ငယ်မည်မှာ 'ငုယင်စင်ကွန်း'ဖြစ်သည်။ တချို့က 'ငုယင်ဒ်ကောင်း' ဖြစ်သည်ဟု ပြောကြသည်။ သူသည် ငယ်စဉ်က အခြားသော ဗီယက်နမ်ကလေးများလိုပင် ဖိနပ်မပါဘဲ ငှက်ပျောတုံးများကို ဘောလုံးကန်ကစားပြီး ဖြစ်ကတတ်ဆန်း နေခဲ့သူဖြစ်သည်။ သို့သော်လည်း သူသည် ငယ်ငယ်ကတည်းက ထူးထူးခြားခြား စာကြိုးစားကာ ပြင်းပြင်းထန် ထန် အလုပ်လုပ်သူဖြစ်၏။ သူသည် ငယ်ရွယ်စဉ်ကတည်းက သူ့ဖခင်နှင့် အဆက်အသွယ် ရှိသည့် တော်လှန်သော ပဒေသရာဇ် ပညာတတ်များအတွက် စာပေးစာယူ လုပ်ပေးရသည့် ဆက်သားကလေး ဖြစ်ခဲ့လေသည်။

ပထမကမ္ဘာစစ်ကြီး မဖြစ်မီ ဟိုချီမင်းသည် ပြင်သစ်သင်္ဘောတစ်စင်းတွင် ထမင်းချက် လုပ်ရင်း ဥရောပတိုက်သို့ ရောက်သွားခဲ့သည်။ လန်ဒန်နှင့် ပါရီမြို့များ၌ ကျပန်းအလုပ် ဝင်လုပ်ရင်း ဗီယက်နမ်နိုင်ငံ လွတ်လပ်ရေးအတွက် နိုင်ငံရေးလုပ်ငန်းများ လုပ်ခဲ့သည်။ ပထမကမ္ဘာစစ်ကြီး အပြီးတွင် အသက် (၂၈) နှစ်မျှသာ ရှိသေးသော ဟိုချီမင်းသည် အမေရိကန် သမ္မတ ဝီလ်ဆင်၊ ပြင်သစ်သမ္မတ ကလီမင့်စော၊ ဗြိတိသျှဝန်ကြီးချုပ် လွိုက်ဂျော့တို့၏ ဗာဆေး ဆွေးနွေးပွဲသို့ ဗီယက်နမ်နိုင်ငံ လွတ်လပ်ရေးအတွက် အချက် (၈) ချက်ပါသော စာတမ်းကို တင်ပြခဲ့သည်။ ထိုစာတမ်းကို 'ငုယင်အိုက်ကော' အမည်ဖြင့် လက်မှတ်ထိုး တင်ခဲ့ခြင်းဖြစ်သည်။

'ငုယင်အိုက်ကော' အမည်ဖြင့် ထင်ရှားကျော်ကြားလာခဲ့သော ဟိုချီမင်းသည် 'ကီပါရီးယားသတင်းစာ'၌ အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့ရာ အောင်မြင်သော အယ်ဒီတာတစ်ဦး ဖြစ်လာခဲ့သည်။ သူသည် အသက် (၄၀) မတိုင်မီ ဘဝမျိုးစုံ၌ ကျင်လည်ခဲ့ရပြီး ပြင်သစ်၊ တရုတ်နှင့် ရုရှားစသော နိုင်ငံများသို့ ရောက်ခဲ့သည်။ သူသည် ရုရှား၊ တရုတ်နှင့် ပြင်သစ် ဘာသာများကို ကျွမ်းကျင်စွာ ရေးနိုင်၊ ဖတ်နိုင်၊ ပြောနိုင်၊ ဆိုနိုင်ခဲ့လေသည်။

၁၉၃၃ ခုနှစ်တွင် ဟိုချီမင်းသည် ဟောင်ကောင်မြို့သို့ ရောက်ရှိသွားခဲ့သည်၊ ဤတွင် အင်္ဂလိပ်တို့က သူ့အား ရုရှားသူလျှိုအဖြစ် ဖမ်းဆီးကာ ရုံးတင်ခဲ့သည်။ အလွန်နာမည်ကြီးပြီး ထင်ရှားကျော်ကြားသော အင်္ဂလိပ်လူမျိုးရှေ့နေ ရောဘတ်လူစဘီက သူ့ဘက်မှ ရှေ့နေလိုက် ကာ အစွမ်းကုန် ကြိုးစားပေးခဲ့သဖြင့် အပြစ်ဒဏ် မခံရဘဲ လွတ်မြောက်သွားခဲ့သည်။

၁၉၄၀ ပြည့်နှစ်တွင် ဟိုချီမင်းသည် ဗီယက်နမ်နိုင်ငံသို့ ပြန်လာသည်။ သူ့နိုင်ငံကို ပြင်သစ် ကိုလိုနီဘဝမှ လွတ်မြောက်ရေးအတွက် ဆက်လက်၍ ကြိုးပမ်းအားထုတ်သည်။ ဤသို့ဖြင့် ဗီယက်နမ်နိုင်ငံသည် အခက်အခဲအမျိုးမျိုးနှင့် အဟန့်အတားပေါင်း အမြောက် အမြားကို ရင်ဆိုင်ကာ လွတ်လပ်သော နိုင်ငံအဖြစ် ရပ်တည်လာနိုင်ခဲ့သည်။ ဟိုချီမင်းသည် ပြည်သူကိုချစ်သော၊ လေးစားသော၊ ကရုဏာထားသော၊ စေတနာမေတ္တာအပြည့်ထားသော ခေါင်းဆောင်ဖြစ်သည်။ သူသည် အတ္တကို ပယ်နိုင်စွမ်းရှိသော ခေါင်းဆောင်ဖြစ်၍ စည်းစိမ်ခံ ခြင်းနှင့် အကျင့်ပျက်ခြင်းတို့ကို တွန်းလှန်နိုင်သူဖြစ်၏။

သမ္မတ ဖြစ်လာသည့်အခါ သူ့အတွက် ရည်မှန်း၍ 'သမ္မတအိမ်တော်' ဆောက်လုပ် ပေးခဲ့သည်။ သူသည် ထိုအိမ်တော်၌ တက်၍မနေ၊ အိမ်တော်ဘေး၌ ဆောက်ပေးထားရသည့် (သူ့ဆန္ဒအတိုင်း) တဲတစ်လုံးသာသာမျှသာရှိသော တစ်ထပ်တိုက်ကလေး၌ နေထိုင်ခဲ့သည်။ ထို့ကြောင့်လည်း သူသည် သူ့နိုင်ငံပြည်သူများက လေးစားချစ်ခင်သော၊ တစ်ကမ္ဘာလုံးက ကြည်ညိုအံ့သြကြရသော ခေါင်းဆောင်ဖြစ်လာခြင်းပေတည်း။

ထို့ကြောင့်လည်း ဤဝတ္ထု 'ဆိုင်ဂုံ'တွင် ဟိုချီမင်းသည် အဓိကဇာတ်ဆောင်တစ်ဦး အဖြစ် ရှေ့တန်းမှ ပါဝင်နေခြင်းဖြစ်သည်။ ဤဝတ္ထုထဲမှ သူ့အခန်းကဏ္ဍများသည် စာရေး ဆရာက လုပ်ကြံဖန်တီး၍ စိတ်ကူးယဉ်ရေးထားသော အခန်းများမဟုတ်။ အားလုံးသည် အဖြစ်မှန်များကို အခြေခံထားခြင်း ဖြစ်လေသည်။

(၅)

ဤဝတ္ထု 'ဆိုင်ဂုံ'ကို ရေးသူမှာ အန်သိုနီဂရေး 'Anthony Grey' ဖြစ်သည်။ အရှေ့ဥရောပနိုင်ငံများနှင့် တရုတ်နိုင်ငံများသို့ ရိုက်တာသတင်းဌာန၏ နိုင်ငံခြားသတင်းထောက် အဖြစ် လှည့်လည်သွားလာ နေထိုင်ခဲ့ရသော စာရေးဆရာတစ်ဦးဖြစ်သည်။ သတင်းစာလောက၌ ကျင်လည်ခဲ့ရသော အန်သိုနီဂရေးသည် နိုင်ငံတကာရေးရာများတွင် အလွန်စိတ်ဝင်စားခဲ့သည်။ အထူးသဖြင့် အန်သိုနီဂရေးသည် ဗီယက်နမ်နိုင်ငံနှင့် ဗီယက်နမ်ပြည်သူတို့၏ ဘဝတွင် များစွာ စိတ်ဝင်စားခဲ့သည်။ ဤစိတ်ဝင်စားမှုကို အကြောင်းပြု၍ 'ဆိုင်ဂုံ'ဟု အမည်ပေးထားသော ဤဝတ္ထုကြီးသည် ထွက်ပေါ်လာခဲ့သည်။

စာရေးဆရာ အန်သိုနီဂရေးက ဤဝတ္ထုကြီးကို ဖွင့်ရာ၌ 'အတိတ်သည် ပစ္စုပ္ပန်၏ အစဖြစ်သည်'ဟူသော ကမ္ဘာကျော် ပြဇာတ်ဆရာကြီး ဝီလျံရှိတ်စပီးယား၏ မုန်တိုင်းပြဇာတ် ထဲမှ စကားတစ်ခွန်းဖြင့် ဖွင့်ခဲ့သည်။ ထိုစကားသည် အလွန်မှန်သည့်စကား ဖြစ်သည်ဟု ယူဆပါသည်။ လူတစ်ယောက်၏ လက်တွေ့ဘဝသည် နေရာတိုင်း၌ အတိတ်ကို အတိတ်မှာ ပဲထားခဲ့၍ ရစကောင်းသည် မဟုတ်ပါ။ မိမိကိုယ်တိုင် ကြုံခဲ့ရသည့် အတိတ်က ဖြစ်ရပ်များကို ဆင်ခြင်နှလုံးသွင်းရပါသည်။ ယင်းဆင်ခြင်နှလုံးသွင်းမှုများကို အခြေခံ၍ မိမိ၏ အတိတ်က အမှားကို ပစ္စုပ္ပန်တွင် အမှန်ဖြစ်သွားအောင် ကြိုးစားစိတ်ကူးရပါသည်။ အားထုတ် ကြိုးပမ်း ရပါသည်။

လူတစ်ယောက်၏ လက်တွေ့ဘဝနှင့် လူတစ်ဦးချင်းစီ ပေါင်းစပ်ဖွဲ့စည်းထားသည့် ပြည်သူလူထု၏ လက်တွေ့ဘဝသည် သိပ်ပြီးခြားနားလှသည် မထင်ပါ။ ပြည်သူတို့သည် အတိတ်ကာလက ကြုံခဲ့ရသည့် အမှားများကို ပစ္စုပ္ပန်တွင် အမှန်များဖြစ်လာအောင် ကြိုးပမ်း အားထုတ်ကြရသည့် သဘောရှိပါသည်။ သို့ဖြစ်ရာ လူ့သမိုင်းဟူသည် လူတစ်ယောက်တည်း နှင့်သာ ဆက်စပ်ပတ်သက်နေသည့် ကိစ္စမဟုတ်ပါ။ လူတစ်စု တစ်ဖွဲ့တည်းနှင့်သာ ဆက်စပ် ပတ်သက်နေသည့် အရေးလည်း မဟုတ်ပါ။

ထို့ကြောင့်လည်း လူ့သမိုင်းဖြစ်စဉ်များ (ပြည်သူတို့၏ သမိုင်းဖြစ်စဉ်များ)ကို မှတ်တမ်းတင်ရာ၌ 'အရှိကို အရှိအတိုင်း၊ အမှန်ကို အမှန်အတိုင်း' မဖုံးကွယ်၊ မဖျောက်မဖျက်၊ မလိမ်မညာဘဲ မှတ်တမ်းတင်ကြရသည်။ သို့ပါမှလည်း အတိတ်က ဖြစ်ပေါ်ခဲ့ရသည့် အမှား များကိုပယ်၍ အမှန်များကို မှန်သည်ထက်မှန်အောင် ပြုပြင်ကာ ပစ္စုပ္ပန်ဘဝကို တည်ဆောက် သွားနိုင်စရာ ရှိပါသည်။

မည်သို့ပင်ဖြစ်စေ စာရေးဆရာ အန်သိုနီဂရေးသည် ဤဆိုင်ဂုံဝတ္ထုကြီးတွင် ဗီယက်နမ် နိုင်ငံ၏ အတိတ်ဖြစ်စဉ်များကို ပီပြင်အောင် မီးမောင်းထိုးပြထားသည်။ သူကိုယ်တိုင်ကတော့ မှန်သည် မှားသည်ဟု ဝေဖန်ခြင်းမပြုပါ။ အမှန်နှင့် အမှား ဝေဖန်ချက်ကို စာဖတ်သူများအား ပေးထားသည်ဟု ယူဆရပါသည်။ ထို့ကြောင့်လည်း ဗီယက်နမ်ပြည်သူများအတွက်သာမက ကမ္ဘာပေါ်ရှိ နိုင်ငံငယ်တိုင်းမှ ပြည်သူများအတွက်ပါ (ရယူလိုလျှင် သို့မဟုတ် ရယူတတ်လျှင်) သင်ခန်းစာကောင်းများ ရရှိနိုင်သည်ဟု ထင်ပါသည်။

တကယ်တော့ စာရေးဆရာ အန်သိုနီဂရေးသည် ကျွဲနှစ်ကောင်ခတ်သည့်ကြား မြေဇာပင် ဖြစ်နေရသည့် ဗီယက်နမ်ပြည်သူတို့၏ အဖြစ်ကို ရေးဖွဲ့ရာ၌ အလွန်ပီပြင်သည်။ အသက်လည်း ဝင်သည်။ သင်ခန်းစာယူကာ သံဝေဂရနိုင်လောက်အောင်လည်း ထက်မြက်လှသည်ဟု ထင်ပါ သည်။

(၆)

ဤ 'ဆိုင်ဂုံ' ဝတ္ထုကို ရေးသားခဲ့သော စာရေးဆရာ အန်သိုနီဂရေးမှာ နိုင်ငံခြား သတင်းအယ်ဒီတာတစ်ဦးအဖြစ်ဖြင့် အရှေ့ဥရောပနိုင်ငံများသို့လည်းကောင်း၊ တရုတ်နိုင်ငံသို့ လည်းကောင်း၊ အာရှနိုင်ငံအချို့သို့လည်းကောင်း လှည့်လည်သွားလာ နေထိုင်ခဲ့သူဖြစ်သည်။ သူသည် ပထမဦးစွာ 'ဆိုင်ဂုံ' ဝတ္ထုကို ရေးသားပြီး ထုတ်ဝေခဲ့ရာ ဥရောပတိုက် နိုင်ငံများ၌ သာမက အာရှနိုင်ငံများ၌ပါ အနှစ်သက်ဆုံး စာအုပ်တစ်အုပ် ဖြစ်လာခဲ့သည်။

ထိုစဉ်က စာပေဝေဖန်ရေးဆရာတစ်ဦးက 'စာရေးဆရာ အန်သိုနီဂရေးသည် ဗီယက် နမ်စစ်ပွဲများအကြောင်းကို ရှေ့တန်းတင်၍ ရေးဖွဲ့ထားသည်ဖြစ်ရာ လီယိုတော်စတွိုင်းသည် နပိုလီယံ စစ်ပွဲများအကြောင်းကို တခမ်းတနား ရေးဖွဲ့ခဲ့သည့်ပုံအတိုင်းပင် ဖြစ်သည်။ သို့ဖြစ်ရာ အန်သိုနီဂရေး၏ ဆိုင်ဂုံအား ယနေ့ခေတ် 'စစ်နှင့်ငြိမ်းချမ်းရေး'ဟုပေးလျှင် ရနိုင်အံ့ထင်ပါ သည်'ဟု ဆန်ဖရန်စစ္စကို ခရော်နီကယ်လ် သတင်းစာ၌ ရေးသားထားခဲ့လေသည်။ ထို့နောက်မှ ထွက်လာသည့် စာအုပ်မှာ 'ပီကင်း' (Peking) ဝတ္ထုဖြစ်၏။ ဤစာအုပ်မှာလည်း ဆိုင်ဂုံကဲ့သို့ပင် ဘက်ဆဲလား (အရောင်းရအကောင်းဆုံး) စာအုပ်ဖြစ်လာခဲ့သည်။ အထူးသဖြင့် 'ဆိုင်ဂုံ နှင့် ပီကင်း'သည် အရှေ့ဥရောပ တစ်လွှား၌ လူကြိုက်အများဆုံးသော စာအုပ်များဖြစ်လာခဲ့ ကြသည်။

အန်သိုနီဂရေး၏ အခြားနာမည်ကြီး စာအုပ်များမှာ Hostage in Peking, A Man Alone အမည်ရှိ ဝတ္ထုတိုပေါင်းချုပ်၊ The Prime Minister Was A Spy, The German Stratagem, The Bulgarian Exclusive, The Chinese Assassin, The Bangkok Seeret, The Naked Angles နှင့် Tokyo Bay တို့ဖြစ်သည်။

အန်သိုနီဂရေး၏ စာအုပ်များမှာ ဥရောပ၊ အရှေ့အာရှ၊ တောင်အာဖရိက၊ ဩစတြေးလျနှင့် တောင်မြောက်အမေရိကနိုင်ငံများ၌ အလွန်လူကြိုက်များသည်။ သူ့စာအုပ်များကို ယခုအခါတွင် နိုင်ငံခြားဘာသာ ဆယ့်ငါးဘာသာဖြင့် ပြန်ဆိုထုတ်ဝေလျက်ရှိ၏။ ထုတ်ဝေသမျှ မှာလည်း အရောင်းရတွင်ကျယ်သည်။ အထူးသဖြင့် သူ၏ 'ဆိုင်ဂုံ' ဝတ္ထုကြီးသည် အကောင်း ဆုံးနှင့် လူကြိုက်အများဆုံး ဝတ္ထုကြီးအဖြစ် များစွာထင်ရှားလျက်ရှိသည်။

အန်သိုနီဂရေးသည် ဆိုင်ဂုံကို ရေးရာ၌ ဖြစ်ကတတ်ဆန်းပြုခဲ့သည် မဟုတ်ပါ။ ဗီယက် နမ်နိုင်ငံ၏ နှစ်ငါးဆယ်ခရီးဖြစ်စဉ်များနှင့် ဆက်စပ်ယှက်နွယ်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေး၊ လူမှုရေးနှင့် စစ်ရေးဆိုင်ရာ အချက်အလက်များကို အချိန်များစွာယူ၍ ဖတ်ရှု လေ့လာခဲ့သည်။ သုတေသနပြုခဲ့သည်။ ဆွေးနွေးမေးမြန်းခြင်း၊ ဝေဖန်ဆန်းစစ်ခြင်းများ ပြုခဲ့ သည်။ ဗီယက်နမ်နိုင်ငံအပေါ် စိတ်ဝင်စားကြသည့် သမိုင်းပညာရှင်များ၊ သုတေသီများ၊ နိုင်ငံခေါင်းဆောင်များ၊ စာရေးဆရာများ၊ သတင်းစာဆရာများ၊ စစ်သတင်းထောက်များ၊ စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် သံတမန်များကို တွေ့ဆုံမေးမြန်းခြင်း၊ ဆွေးနွေးခြင်း စသည် များ ပြုခဲ့သည်။

ထို့နောက် သူသည် ရရှိလာသည့် အချက်အလက်များကို သူ့စိတ်ကူးဖြင့် ဖန်တီးတည် ဆောက်ထားသည့် ဇာတ်လမ်းဇာတ်ကွက်ထဲ၌ သူ့နေရာနှင့်သူ အံဝင်ခွင်ကျဖြစ်အောင် အဆစ် အပိုင်းကျကျနှင့် စနစ်တကျ ထည့်သွင်းရေးသားခဲ့သည်။ ယင်းသို့ရေးသားရာ၌လည်း ဟိုဘက် သည်ဘက် (အမေရိကန်၊ ပြင်သစ်နှင့် ဗီယက်နမ်) မျက်နှာလိုက်ခြင်း၊ ဘက်လိုက်ခြင်းမပြုဘဲ လွတ်လပ်စွာ ရေးခွင့်ရသော စာရေးဆရာတို့ စောင့်စည်းအပ်သည့် 'သိက္ခာ'ကို ထိန်းသိမ်း စောင့်စည်း၍ ရေးသားခဲ့သည်။ ဤအချက်သည် ဤဝတ္ထု 'ဆိုင်ဂုံ'၏ ထူးခြားသော အင်္ဂါရပ် တစ်ခု ဖြစ်သည်ဟု ထင်ပါသည်။

သမိုင်းဝါသနာမပါသော သို့မဟုတ် သမိုင်းသုတေသီမဟုတ်သော သို့မဟုတ် နိုင်ငံ တစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး စသည်များကို လေ့လာရန် ဝန်လေးသော သာမန်စာဖတ်သူတစ်ဦးအား ဗီယက်နမ်နိုင်ငံ သမိုင်းစာအုပ်တစ်အုပ် ပေးဖတ်လျှင် အလွယ်တကူ နှင့် ပြီးဆုံးအောင် ဖတ်လိမ့်မည်မထင်ပါ။ ပျင်းရိငြီးငွေ့စရာကောင်းသဖြင့် တစ်ဝက်တစ်ပျက် နှင့် ချထားဖွယ်ရာ ရှိပါသည်။ အကယ်၍ အဖြစ်မှန်သမိုင်းကြောင်းများကို ဝတ္ထုတွင်ထည့်၍ ပြောပြသွားသည့်အခါတွင်မူကား စာဖတ်သူသည် သက်သောင့်သက်သာ စိတ်ဝင်စားစွာဖြင့် ဖတ်သွားနိုင်သည်သာမက သိလွယ်မြင်လွယ် မှတ်သားလွယ်နိုင်စရာ ရှိပါသည်။

စာရေးဆရာ အန်သိုနီဂရေးသည် ဗီယက်နမ်နိုင်ငံ သမိုင်းဖြစ်စဉ်များကို သူ့ဝတ္ထုတွင် သူ့နေရာနှင့်သူ အံဝင်ခွင်ကျဖြစ်အောင်၊ စိတ်ဝင်စားအောင် ထည့်သွင်းရေးသားထားသည်ဖြစ်ရာ သာမန်စာဖတ်သူတစ်ဦးသည် တစ်ထိုင်တည်းနှင့် ဗီယက်နမ်နိုင်ငံ၏ ဖြစ်စဉ်များကို သိမြင် နားလည်သွားနိုင်စရာ ရှိပါသည်။ ထိုအခါ မိမိနှင့်အတူ အာရှတိုက်ထဲရှိ (အထူးသဖြင့် အရှေ့တောင်အာရှထဲရှိ) နိုင်ငံတစ်နိုင်ငံမှ ပြည်သူတို့၏ ကောင်းကွက်နှင့် ဆိုးကွက်များ၊ အားသာချက်နှင့် အားနည်းချက်များ၊ အားကျစရာနှင့် တရားရစရာများကို လွယ်လင့်တကူ မြင်လာနိုင်စရာရှိသည်။ ထိုအချက်သည်လည်း ဤဝတ္ထု 'ဆိုင်ဂုံ'၏ ထူးခြားသော အင်္ဂါရပ် တစ်ခုဟုပင် ထင်ပါသည်။

တစ်ချိန်က ပြင်သစ်တို့၏ လက်အောက်ခံဖြစ်ခဲ့ကြသော ဗီယက်နမ်များသည် အသိ ဉာဏ်ပညာ ဗဟုသုတနည်းကြသည်။ ရိုးသားကြသည်။ ရှေးဟောင်းအစဉ်အလာ မိရိုးဖလာ ဘာသာအယူဝါဒနှင့် ဓလေ့ထုံးစံများအပေါ် အစွဲအလမ်းကြီးကာ ဖက်တွယ်နေတတ်ကြသည်။ ထို့ကြောင့်လည်း သူတို့၏ နိုင်ငံရေးဘဝ၊ စီးပွားရေးဘဝ၊ ဘာသာရေးဘဝနှင့် လူမှုရေးဘဝ များသည် ပုံမှန်ဖွံ့ဖြိုးတိုးတက်ခြင်း ဖြစ်မလာဘဲ ကမြောက်ကပြန် ဖြစ်ခဲ့ရသည်။ ရိုးသား အေးဆေးကြသော ဗီယက်နမ်ပြည်သူတို့ကြားတွင် လက်ဝဲလက်ယာ အစွန်းရောက်မှုများသည် လွှမ်းမိုးကြီးစိုးလာသည်။

ဤသို့ဖြင့် ဗီယက်နမ်ပြည်သူတို့သည် စစ်ဒဏ်၊ ဆင်းရဲမွဲတေသည့်ဒဏ်နှင့် ငတ်မွတ် ခေါင်းပါးသည့်ဒဏ်များကို ခါးစည်း၍ ခံခဲ့ကြရသည်။ မိမိတို့လူမျိုး ခေါင်းဆောင်ဆိုသူများ ၏ မလိမ္မာမှု၊ အမြော်အမြင်နည်းမှု၊ အချင်းချင်းအပေါ် ကိုယ်ချင်းစာတရား နည်းပါးမှု၊ အင်အားကြီးနိုင်ငံများ၏ ဩဇာလွှမ်းမိုးမှုများသည် ပြည်သူတို့၏ ဘဝနှင့် ကံကြမ္မာကို လွှမ်း မိုးခြယ်လှယ်လာကြသည်။ ဤအချက်သည်လည်း ဤဝတ္ထုကြီး၏ ထူးခြားသော အင်္ဂါတစ်ရပ် ပင်ဖြစ်သည်ဟု ယူဆနိုင်ပါသည်။

(၇)

ဤဝတ္ထု 'ဆိုင်ဂုံ'နှင့် ပတ်သက်၍ ပြောပြစရာ အနည်းငယ်မျှ ရှိနေပါသေးသည်။ ဆိုင်ဂုံဝတ္ထုကို ကျွန်တော် စတင်၍ ဘာသာပြန်သည်မှာ ၁၉၈၉ ခုနှစ်၊ အောက်တိုဘာလထဲ တွင်ဖြစ်သည်။ ထိုစဉ်က ကျွန်တော်သည် အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၌ မြေတစ် ကွက်ဝယ်ကာ ဖြစ်ကတတ်ဆန်း ထရံကာ၊ ဓနိမိုး၊ မြေစိုက်အိမ်လေးတစ်လုံးဆောက်၍ နေထိုင် လျက်ရှိသည်။ ကိုယ့်မြေကိုယ့်ဟာနှင့် နေရခြင်းဖြစ်၍ စိတ်ချမ်းသာစရာကောင်းသည်ဟု ဆိုနိုင် သော်လည်း မီးမရှိ၊ ရေမရှိသဖြင့် များစွာစိတ်ဆင်းရဲခဲ့ရသည်။

အထူးသဖြင့် စာရေးခြင်းအလုပ်ဖြင့် ဘဝကို တည်ဆောက်နေသော စာရေးဆရာ ကျွန်တော်သည် ညစဉ်ညတိုင်း အကြီးစား ဖယောင်းတိုင်နှစ်တိုင်ကို တစ်ပြိုင်တည်းထွန်း၍ စာရေးနေရသည်ဖြစ်ရာ ကိုယ့်အဖြစ်ကိုယ် စိတ်နာမိခဲ့သည်။ ဤသို့ဖြင့် ကျွန်တော်သည် ပထမတွင် ဘတ္တရီမီးနှင့် စာရေးနေရသော်လည်း ရေရှည်တွင် သိပ်ပြီးအဆင်မပြေလှသဖြင့် ဖယောင်းတိုင်မီးကိုသာ အားကိုးသမှု ပြုခဲ့ရပါသည်။ ဤသို့ဖြင့် ဆိုင်ဂုံဝတ္ထုစာမူသည် ၁၉၉၀ ခုနှစ်၊ ဧပြီလ ၂၃ ရက် နေ့လယ် ၁၂ နာရီကျော်ခန့်တွင် ပြီးသွားခဲ့သည်။ ကြုံရာကျရာ စာရွက်များနှင့် ရေးသားခဲ့ခြင်းဖြစ်၍ လျှောက်လွှာစာရွက်နှင့် လက်ရေးမူစာအုပ် (၄) အုပ်၊ စာမျက်နှာလေးရာ ကပ်ထူဗလာစာအုပ် (၅) အုပ်၊ စုစုပေါင်း 'စာမျက်နှာ ၃၉၉၉ မျက်နှာ' ရှိသည်ကို တွေ့ရ၏။

ကျွန်တော် ဤစာအုပ်ကို မြန်မာပြန်နေစဉ်က အတွဲပေါင်းများစွာ ခွဲ၍ထုတ်ဝေရမည့် အရေးကိုတွေးကာ မကြာခဏ ရပ်ရပ်ထားမိသည်။ ထိုအခါ ဘေးမှနေ၍ ဆိုင်ဂုံလက်ရေးစာမူ ကို ဖတ်ပေးနေသော ဇနီးသည် မြင့်က ဆက်ပြန်ဖို့ တိုက်တွန်းလေ့ရှိ၏။ အကယ်၍ ထိုစဉ်က သူသာ မတိုက်တွန်းခဲ့လျှင် ဆိုင်ဂုံစာမူသည် ပြီးမှပြီးပါ့မလားဟု သံသယဝင်ဖွယ်ရှိသည်။ သို့သော်လည်း ဆိုင်ဂုံသည် (၇) လခန့်နှင့် ပြီးသွားခဲ့လေရာ ဤအတွက် ကျွန်တော့်ဇနီး 'မြင့်'အား ကျေးဇူးတင်လှပါသည်။

မည်သို့ပင်ဖြစ်စေ 'ဆိုင်ဂုံ လက်ရေးစာမူအထပ်ကြီး'သည် ယနေ့အချိန်အထိ ကျွန်တော့် စားပွဲပေါ်၌ ရှိနေသည်။ ထိုစာမူတစ်ထပ်ကြီးကိုကြည့်၍ ကျွန်တော့်ရင်ထဲ၌ ဝမ်းသာကြည်နူး ခြင်း ဖြစ်ရပါသည်။ ယင်းသို့ဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းမှာ အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံ၏ သင်ခန်းစာယူဖွယ်ကောင်းသော ဖြစ်ရပ်များကို မြန်မာစာဖတ်ပရိသတ်လက် သို့ ပို့ပေးနိုင်ခဲ့၍ဖြစ်သည်။

ယနေ့ ဗီယက်နမ်သည် ယခင်ကနှင့် မတူတော့ပါ။ ကွဲနေသော နှစ်နိုင်ငံမှာလည်း ပေါင်းစည်းသွားခဲ့ပြီ။ ပြည်တွင်းစစ် ဆိုသည်မှာလည်း မရှိတော့ပြီ။ ယခင်က ရန်သူဖြစ်ခဲ့ကြ သော နိုင်ငံကြီးများနှင့်လည်း ချစ်ကြည်ရင်းနှီးမှု တည်ဆောက်နိုင်ခဲ့ပြီ။ အကြောင်းအမျိုးမျိုး ကြောင့် အရှေ့တောင်အာရှနိုင်ငံများ၏နောက်၌ ကျန်ရစ်ခဲ့ရသည့် မိမိတို့ဘဝကို ဆင်ခြင်နှလုံး သွင်းမိနေကြသော ဗီယက်နမ်ခေါင်းဆောင်များသည် မိမိတို့နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းအားထုတ်နေကြပြီ။

အကယ်၍သာ ဗီယက်နမ်ခေါင်းဆောင်များသည် သူတို့အား ဤဘဝသို့ ရောက်အောင် ပို့ပေးခဲ့သည့် 'ဟိုချီမင်း'လို အမှန်တကယ် နိုင်ငံနှင့် ပြည်သူကို ချစ်ကြမည်၊ ရိုးသားဖြောင့်မတ် ကြမည်၊ အမြော်အမြင်ကြီးကြမည်၊ အတ္တကို အလွန်အမင်း ရှေ့တန်းမတင်ဘဲ ကိုယ့်စိတ်ကို ထိန်းချုပ်နိုင်ကြမည်ဆိုပါမူကား ဗီယက်နမ်နိုင်ငံသည် အရှေ့တောင်အာရှ နိုင်ငံများနှင့် ရင်ဘောင် တန်းလာနိုင်ဖွယ်ရာ ရှိရုံမျှမက ထိုနိုင်ငံများထက် မြင့်မားသော နေရာကိုပင် ရယူနိုင်ကြလိမ့် မည်ဟု ကျွန်တော် ယုံကြည်လျက်ရှိပါသည်။

မောင်ထွန်းသူ

၂၀၀၃ ခုနှစ်၊ ဇွန်လ (၃) ရက်။